# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် [illegible] /၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် [illegible] ရက်

( ၂၀၂၂ ခုနှစ်၊ မတ်လ [illegible] ရက်)

## နိဒါန်း

မန္တလေးတိုင်းဒေသကြီး၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာန/ ဘဏ္ဍာအလိုက် ဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီများအလိုက် ဖြစ်စေ

သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် မန္တလေးတိုင်းဒေသကြီး၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသခွဲများအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီ စိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ် ဒေသဖွံ့ဖြိုးရေး စီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း မန္တလေးတိုင်း ဒေသကြီး၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်ရွေ့ မည်မျှ ဖွံ့ဖြိုး တိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလ ဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည် ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေး ကော်မတီများကိုဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

( ၁ ) လယ်ယာကဏ္ဍတွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

( ၂ ) သားငါးကဏ္ဍတွင် ၁.၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

( ၃ ) သစ်တောကဏ္ဍတွင် ၂၂.၆ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

( ၄ ) စွမ်းအင်ကဏ္ဍတွင် ၁၃.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

( ၅ ) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈.၉ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

( ၆ ) စက်မှုလက်မှုကဏ္ဍတွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

( ၇ ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

( ၈ ) ဆောက်လုပ်မှုကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

( ၉ ) ပို့ဆောင်ရေးကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁၀.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၂.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၉.၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၀ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃.၇ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်လာစေရန်၊

(ဃ) မန္တလေးတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု ကျပ် ၈၇,၂၃၆.၄၄၁ သန်းအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၇၀၁,၆၈၆ မှ ကျပ် ၁,၈၄၂,၁၅၇ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်၊

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသည့် စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော စီမံကိန်းများဖြစ်ကြောင်း အစိုးရအဖွဲ့အဆင့်ဆင့်က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ပြင်းပပြင်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက် နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသ ဖွံ့ဖြိုးရေးကိုအထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီး သော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ မန္တလေးတိုင်းဒေသကြီး၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ် အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | (နှစ်ကုန်ခန့်မှန်းခြေ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | (နှစ်ကုန်ခန့်မှန်းခြေ) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁,၇၂၀,၁၀၀.၀** | **၁၉.၉** | **၆.၈** | **၁,၇၉၅,၉၂၀.၄** | **၁၉.၉** | **၄.၄** |
| | ၁ | လယ်ယာ | ၁,၂၇၂,၇၂၀.၈ | ၁၄.၇ | ၆.၈ | ၁,၃၄၃,၃၀၃.၉ | ၁၄.၉ | ၅.၅ |
| | ၂ | သားငါး | ၄၄၄,၁၂၈.၅ | ၅.၁ | ၆.၇ | ၄၅၀,၁၀၂.၀ | ၅.၀ | ၁.၃ |
| | ၃ | သစ်တော | ၃,၂၄၉.၇ | ၀.၁ | -၉.၅ | ၂,၅၁၄.၅ | ၀.၀၃ | -၂၂.၆ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂,၉၈၃,၈၀၂.၁** | **၃၄.၄** | **-၄.၀** | **၃,၁၀၉,၆၀၀.၂** | **၃၄.၄** | **၄.၂** |
| | ၁ | စွမ်းအင် | ၁၄၈.၇ | ၀.၀၀၂ | -၇၄.၇ | ၁၆၉.၁ | ၀.၀၀၂ | ၁၃.၇ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၁,၀၇၆.၉ | ၀.၅ | -၁၂.၆ | ၃၇,၄၄၁.၃ | ၀.၄ | -၈.၉ |
| | ၃ | စက်မှုလက်မှု | ၂,၁၉၆,၁၃၆.၄ | ၂၅.၃ | -၃.၉ | ၂,၃၀၃,၃၁၆.၄ | ၂၅.၅ | ၄.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၀၂,၅၂၁.၃ | ၂.၃ | ၅.၈ | ၂၁၁,၁၀၃.၁ | ၂.၃ | ၄.၂ |
| | ၅ | ဆောက်လုပ်မှု | ၅၄၃,၉၁၈.၈ | ၆.၃ | -၆.၅ | ၅၅၇,၅၇၀.၃ | ၆.၂ | ၂.၅ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃,၉၆၆,၄၂၀.၃** | **၄၅.၇** | **၀.၇** | **၄,၁၂၇,၂၄၇.၄** | **၄၅.၇** | **၄.၁** |
| | ၁ | ပို့ဆောင်ရေး | ၁,၅၄၉,၉၅၁.၅ | ၁၇.၉ | ၉.၆ | ၁,၆၁၀,၃၉၂.၉ | ၁၇.၈ | ၃.၉ |
| | ၂ | ဆက်သွယ်ရေး | ၃၆၅,၇၀၆.၄ | ၄.၂ | -၈.၉ | ၃၇၃,၅၉၉.၃ | ၄.၁ | ၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၂၇,၂၉၇.၉ | ၀.၃ | -၂၃.၀ | ၃၀,၅၃၉.၄ | ၀.၃ | ၁၁.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၈,၀၈၃.၀ | ၁.၉ | -၁၄.၆ | ၁၈၄,၉၁၂.၉ | ၂.၁ | ၁၀.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၁၆,၁၂၆.၃ | ၂.၅ | ၀.၁ | ၂၂၁,၃၃၈.၂ | ၂.၅ | ၂.၄ |
| | ၆ | ကုန်သွယ်မှု | ၁,၆၃၉,၂၅၅.၂ | ၁၈.၉ | -၂.၂ | ၁,၇၀၆,၄၆၄.၇ | ၁၈.၉ | ၄.၁ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈,၆၇၀,၃၂၂.၄** | **၁၀၀.၀** | **၀.၁** | **၉,၀၃၂,၇၆၈.၀** | **၁၀၀.၀** | **၄.၂** |

ပူးတွဲ-၂

### မန္တလေးတိုင်းဒေသကြီး၏
### ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
### ဘဏ္ဍာအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
### (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍာ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄,၇၀၃,၉၀၂.၁** | **၅၄.၃** | **-၀.၃** | **၄,၉၀၅,၅၂၀.၆** | **၅၄.၃** | **၄.၃** |
| | ၁ | လယ်ယာ | ၁,၂၇၂,၇၂၁.၈ | ၁၄.၇ | ၆.၈ | ၁,၃၄၃,၃၀၃.၉ | ၁၄.၉ | ၅.၅ |
| | ၂ | သားငါး | ၄၄၄,၁၂၈.၅ | ၅.၁ | ၆.၇ | ၄၅၀,၁၀၂.၀ | ၅.၀ | ၁.၃ |
| | ၃ | သစ်တော | ၃,၂၄၉.၇ | ၀.၁ | -၉.၅ | ၂,၅၁၄.၅ | ၀.၀၃ | -၂၂.၆ |
| | ၄ | စွမ်းအင် | ၁၄၈.၇ | ၀.၀၀၂ | -၇၄.၇ | ၁၆၉.၁ | ၀.၀၀၂ | ၁၃.၇ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၁,၀၇၆.၉ | ၀.၅ | -၁၂.၆ | ၃၇,၄၄၁.၃ | ၀.၄ | -၈.၉ |
| | ၆ | စက်မှုလက်မှု | ၂,၁၉၆,၁၃၆.၄ | ၂၅.၃ | -၃.၉ | ၂,၃၀၃,၃၁၆.၄ | ၂၅.၅ | ၄.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၀၂,၅၂၁.၃ | ၂.၃ | ၅.၈ | ၂၁၁,၁၀၃.၁ | ၂.၃ | ၄.၂ |
| | ၈ | ဆောက်လုပ်မှု | ၅၄၃,၉၁၈.၈ | ၆.၃ | -၆.၅ | ၅၅၇,၅၇၀.၃ | ၆.၂ | ၂.၅ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂,၃၂၇,၁၆၅.၁** | **၂၆.၈** | **၂.၈** | **၂,၄၂၀,၇၈၂.၇** | **၂၆.၈** | **၄.၀** |
| | ၁ | ပို့ဆောင်ရေး | ၁,၅၄၉,၉၅၁.၅ | ၁၇.၉ | ၉.၆ | ၁,၆၁၀,၃၉၂.၉ | ၁၇.၈ | ၃.၉ |
| | ၂ | ဆက်သွယ်ရေး | ၃၆၅,၇၀၆.၄ | ၄.၂ | -၈.၉ | ၃၇၃,၅၉၉.၃ | ၄.၁ | ၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၂၇,၂၉၇.၉ | ၀.၃ | -၂၃.၀ | ၃၀,၅၃၉.၄ | ၀.၃ | ၁၁.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၈,၀၈၃.၀ | ၁.၉ | -၁၄.၆ | ၁၈၄,၉၁၂.၉ | ၂.၁ | ၁၀.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၁၆,၁၂၆.၃ | ၂.၅ | ၀.၁ | ၂၂၁,၃၃၈.၂ | ၂.၅ | ၂.၄ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁,၆၃၉,၂၅၅.၂** | **၁၈.၉** | **-၂.၂** | **၁,၇၀၆,၄၆၄.၇** | **၁၈.၉** | **၄.၁** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈,၆၇၀,၃၂၂.၄** | **၁၀၀.၀** | **၀.၁** | **၉,၀၃၂,၇၆၈.၀** | **၁၀၀.၀** | **၄.၂** |

ပူးတွဲ-၃

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | (နှစ်ကုန်ခန့်မှန်းခြေ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂,၁၇၇,၀၄၄.၅** | **၁၉.၃** | **၂,၃၈၀,၄၆၅.၅** | **၁၉.၃** | **၉.၃** |
| | ၁ | လယ်ယာ | ၁,၅၉၈,၂၇၃.၁ | ၁၄.၂ | ၁,၇၆၁,၈၀၄.၆ | ၁၄.၃ | ၁၀.၂ |
| | ၂ | သားငါး | ၅၇၄,၂၅၅.၉ | ၅.၁ | ၆၁၅,၁၅၂.၃ | ၅.၀ | ၇.၁ |
| | ၃ | သစ်တော | ၄,၅၁၅.၅ | ၀.၀၄ | ၃,၅၀၈.၆ | ၀.၀၃ | -၂၂.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄,၁၇၄,၅၆၇.၃** | **၃၇.၀** | **၄,၅၅၉,၇၇၈.၆** | **၃၇.၀** | **၉.၂** |
| | ၁ | စွမ်းအင် | ၂၀၂.၉ | ၀.၀၀၂ | ၂၃၈.၇ | ၀.၀၀၂ | ၁၇.၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၅,၆၄၆.၆ | ၀.၅ | ၅၇,၂၀၉.၅ | ၀.၅ | ၂.၈ |
| | ၃ | စက်မှုလက်မှု | ၃,၁၂၄,၅၄၆.၄ | ၂၇.၇ | ၃,၄၃၉,၇၅၇.၉ | ၂၇.၉ | ၁၀.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၇၆,၆၈၇.၄ | ၂.၄ | ၂၉၁,၆၁၁.၈ | ၂.၄ | ၅.၄ |
| | ၅ | ဆောက်လုပ်မှု | ၇၁၇,၄၈၄.၀ | ၆.၄ | ၇၇၀,၉၆၀.၇ | ၆.၂ | ၇.၅ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄,၉၂၃,၇၅၈.၁** | **၄၃.၇** | **၅,၃၇၄,၅၇၂.၂** | **၄၃.၇** | **၉.၂** |
| | ၁ | ပို့ဆောင်ရေး | ၁,၇၇၃,၆၄၉.၁ | ၁၅.၇ | ၁,၉၄၃,၂၀၆.၉ | ၁၅.၈ | ၉.၆ |
| | ၂ | ဆက်သွယ်ရေး | ၃၄၅,၃၇၉.၀ | ၃.၁ | ၃၅၂,၆၁၂.၈ | ၂.၉ | ၂.၁ |
| | ၃ | ငွေရေးကြေးရေး | ၂၆,၅၆၀.၉ | ၀.၂ | ၂၉,၇၁၄.၈ | ၀.၂ | ၁၁.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၈၅,၁၀၄.၃ | ၁.၇ | ၂၀၃,၈၈၃.၄ | ၁.၇ | ၁၀.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၉၀,၄၃၇.၉ | ၂.၆ | ၃၁၅,၉၈၉.၃ | ၂.၆ | ၈.၈ |
| | ၆ | ကုန်သွယ်မှု | ၂,၃၀၂,၄၂၆.၉ | ၂၀.၄ | ၂,၅၂၉,၁၆၅.၀ | ၂၀.၅ | ၉.၈ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁,၂၇၅,၃၆၉.၉** | **၁၀၀.၀** | **၁၂,၃၁၄,၈၁၆.၃** | **၁၀၀.၀** | **၉.၂** |

ပူးတွဲ-၄

## မန္တလေးတိုင်းဒေသကြီး၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၆,၃၅၁,၆၁၁.၈** | **၅၆.၃** | **၆,၉၄၀,၂၄၄.၁** | **၅၆.၃** | **၉.၃** |
| | ၁ | လယ်ယာ | ၁,၅၉၈,၂၇၃.၁ | ၁၄.၂ | ၁,၇၆၁,၈၀၄.၆ | ၁၄.၃ | ၁၀.၂ |
| | ၂ | သားငါး | ၅၇၄,၂၅၅.၉ | ၅.၁ | ၆၁၅,၁၅၂.၃ | ၅.၀ | ၇.၁ |
| | ၃ | သစ်တော | ၄,၅၁၅.၅ | ၀.၀၄ | ၃,၅၁၈.၆ | ၀.၀၃ | -၂၂.၃ |
| | ၄ | စွမ်းအင် | ၂၀၂.၉ | ၀.၀၀၂ | ၂၃၈.၇ | ၀.၀၀၂ | ၁၇.၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၅,၆၄၆.၆ | ၀.၅ | ၅၇,၂၀၉.၅ | ၀.၅ | ၂.၈ |
| | ၆ | စက်မှုလက်မှု | ၃,၁၂၄,၅၄၆.၄ | ၂၇.၇ | ၃,၄၃၉,၇၅၇.၉ | ၂၇.၉ | ၁၀.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၇၆,၆၈၇.၄ | ၂.၄ | ၂၉၁,၆၀၁.၈ | ၂.၄ | ၅.၄ |
| | ၈ | ဆောက်လုပ်မှု | ၇၁၇,၄၈၄.၀ | ၆.၄ | ၇၇၀,၉၆၀.၇ | ၆.၂ | ၇.၅ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂,၆၂၁,၃၃၁.၂** | **၂၃.၃** | **၂,၈၄၅,၄၀၇.၂** | **၂၃.၂** | **၈.၅** |
| | ၁ | ပို့ဆောင်ရေး | ၁,၇၇၃,၆၄၉.၁ | ၁၅.၇ | ၁,၉၄၃,၂၀၆.၉ | ၁၅.၈ | ၉.၆ |
| | ၂ | ဆက်သွယ်ရေး | ၃၄၅,၃၇၉.၀ | ၃.၁ | ၃၅၂,၆၁၂.၈ | ၂.၉ | ၂.၁ |
| | ၃ | ငွေရေးကြေးရေး | ၂၆,၅၆၀.၉ | ၀.၂ | ၂၉,၇၁၄.၈ | ၀.၂ | ၁၁.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၈၅,၃၀၄.၃ | ၁.၇ | ၂၀၃,၈၈၃.၄ | ၁.၇ | ၁၀.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၉၀,၄၃၇.၉ | ၂.၆ | ၃၁၅,၉၈၉.၃ | ၂.၆ | ၈.၈ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂,၃၀၂,၄၂၆.၉** | **၂၀.၄** | **၂,၅၂၉,၁၆၅.၀** | **၂၀.၅** | **၉.၈** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁,၂၇၅,၃၆၉.၉** | **၁၀၀.၀** | **၁၂,၃၁၄,၈၁၆.၃** | **၁၀၀.၀** | **၉.၂** |